မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၆) သတင်းထုတ်ပြန်ချက်

စက်တင်ဘာလ (၁၈) ရက်၊ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ ကမကထ ပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၆) ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် စက်တင်ဘာလ (၁၈) ရက်နေ့က ကျင်းပခဲ့ပြီး အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

| | |
|---|---|
| ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု မှ | (၁)ဦး |
| ကရင်အမျိုးသားအစည်းအရုံး မှ | (၁)ဦး |
| ကချင်ကျောင်းသားလူငယ်အစည်းရုံး မှ | (၁) ဦး |
| ရခိုင်ကျောင်းသားလူငယ်ကွန်ဂရက်မှ | (၂)ဦး |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ မှ | (၅)ဦး |
| မြန်မာနိုင်ငံရှေ့နေများကောင်စီ မှ | (၉)ဦး |
| အမျိုးသားတိုးတက်ဖွံ့ ဖြိုးရေးကွန်ဂရက်မှ | (၁၁)ဦး |
| အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ | (၂)ဦး |
| စုစုပေါင်း | (၃၂) ဦး |

သဘာပတိအဖြစ် ယင်းမာပင်မြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်ဦးတင်ထွန်းအောင် မှ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဌ ဦးသိန်းဦး မှ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သမိုင်းအကျဉ်းကို ထောက်ပြကါ အဖွင့်အမှာစကားပြောကြားသွားခဲ့သည်။

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု အဖွဲ့မှ **(NDD)** ကိုညီညီဝင်းက ဖွဲ့စည်းးပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များ၏ အရေးကြီးပုံမှစတင်ကါ အခြားနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရာ၌ တာဝန်ရှိပုဂ္ဂိုလ်များသည် အောက်ခြေလူထုအထိဆင်းကါ လူထုသဘောထား ဆန္ဒများရယူခဲ့ကြကြောင်းကို ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ တောင်အာဖရိကနိုင်ငံ၊ အမေရိကန်နိုင်ငံများ၏ ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြသွားခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးမှ အောက်ခြေပြည်သူလူထု၏ လိုလားချက်ကို သိဖို့လိုအပ်ကြောင်း အကြံပြုထောက်ပြသွားသည်။

ကချင်ကျောင်းသားလူငယ်အစည်းအရုံး**(AKSYU)**မှ ကိုဒေးဗစ်က ၁၉၈၀ နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မတရားအသင်းအဖြစ် နဝတမှ ကြေငြာခဲ့ကြောင်း၊ ၁၉၄၇ ဖွဲ့စည်းပုံတွင် လူမျိုးစုလွှတ်တော်အမတ်နေရာသတ်မှတ်ရာတွင် ညီမျှမှုမရှိကြောင်း၊ ၎င်းဖွဲ့စည်းအုပ်ချုပ်ပုံအရ နိုင်ငံတွင် အများစုဖြစ်သော ဗမာလူမျိုးများကသာ လက်ဝါးကြီးအုပ်ခဲ့သလိုဖြစ်သည့်အတွက်၊ အနာဂါတ်ဖက်ဒရယ်ဖွဲ့စည်းပုံတွင် ဘယ်လိုလုပ်မလဲဆိုတာ တိုင်းရင်းသားအတော်များများက စိုးရိမ်ချက်များရှိကြောင်းဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်လာသူ တဦးက

မဟာလူမျိုးကြီးဝါဒကို ကျင့်သုံးသူမှာ အခြေခံလူထု ဗမာများမဟုတ်ဘဲ တိုင်းပြည်အာဏာကို ချုပ်ကိုင်လွှမ်းမိုးထားသော စစ်အာဏာပိုင်များသာဖြစ်ကြောင်း၊ စစ်အာဏာရှင်များ၏ အုပ်ချုပ်မှုအောက်တွင် ဗမာအမျိုးသားများမှာလည်း အခွင့်ထူးမရဘဲ အခြားဗမာမဟုတ်သော တိုင်းရင်းသားများကဲ့သို့ အဖိနှိပ်ခံနေကြရဆဲသာဖြစ် ကြောင်းဖြင့် ထောက်ပြဆွေးနွေးသွားခဲ့သည်။

ကရင်အမျိုးသားအစည်းရုံး (KNU)မှ ဗဟိုကော်မတီဝင်တဦးဖြစ်သော ဖဒိုစောလှဟင်နရီက နအဖ နှင့် ကရင်အမျိုးသားအစည်းရုံးတို့၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စကို ဆွေးနွေးတင်ပြရာ – တိုင်းပြည်ပြဿနာကို လက်နက်ဖြင့်ဖြေရှင်းမှာမဟုတ် တွေ့ဆုံဆွေးနွေးမှုဖြင့်ဖြေရှင်းရန်သာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲမဟုတ်သေးဘဲ အပစ်ခတ်ရပ်စဲရေးဆွေးနွေးပွဲသာဖြစ်ကြောင်း၊ နောက်ပိုင်းတွင်ဆက်လက်ပြီးတော့ နိုင်ငံရေးအဖြေရှာဖို့ဖြစ်ကြောင်း၊ အပစ်ခတ်ရပ်စဲထားသော်လည်း နအဖစစ်တပ်များသည် လူ့အခွင့်အရေးချိုးဖေါက်မှုများကို ဆက်လက်ကျူးလွန်နေဆဲရှိနေသေးကြောင်း အစချီရှင်းပြကာ ကရင်အမျိုးသား အစည်းအရုံးမှ ဦးဆောင်ရေးဆွဲလျှက်ရှိသော ကရင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းပြသွားခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်သူအချို့မှ နအဖသည် ကရင်အမျိုးသားအစည်းအရုံးနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန်ဆွေးနွေးခြင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ်လိုလား၍လား နိုင်ငံရေးထွက်ပေါက်အတွက် အသုံးချခြင်း၍လား၊ ကရင်အမျိုးသားအစည်းအရုံး၏မူများသည် ယခင် စောဘဦးကြီးချထားသောမူများနှင့် တစုံတရာကွဲလွဲမှုရှိပါသလား၊ ကရင်ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ကရင်လူထု၏ သဘောထားဆန္ဒများကို ထင်ဟပ်ဖေါ်ပြခွင့်များရရှိအောင် မည်သို့ စီစဉ်ဆောင်ရွက်မှုများ ရှိပါသလဲ စသည်ဖြင့်မေးမြန်းဆွေးနွေးသွားသည်။

အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက်(NDC)မှ ဦးစံသာအောင်မှ ၁၉၄၇ဖွဲ့စည်းပုံနှင့် တန်းတူအခွင့်အရေးကို ဆွေးနွေးရာ – ပင်လုံစါချုပ်အပေါ်အခြေခံ၍ တိုင်းရင်းသားများက ဗိုလ်ချုပ်အောင်ဆန်းအပေါ်ယုံမှတ်လို့ပုံအပ်ခဲ့တာ ဦးနုဝန်ကြီးချုပ်အဖြစ် အုပ်ချုပ်သောကာလကထဲက စတင်အလိမ်ခံခဲ့ရကြောင်း၊ ဝန်ကြီးချုပ်ဦးနုအုပ်ချုပ်ခဲ့သည့် ကာလတွင် ပြည်နယ်များ၏လုပ်ပိုင်ခွင့်များအပေါ် စွက်ဖက်မှုများရှိခဲ့ကြောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်များ အာဏာခွဲဝေကျင့်သုံးရာတွင်လည်း တန်းတူမှုအခွင့်အရေးမရှိခဲ့ကြောင်း၊ တနည်းအားဖြင့် နိုင်ငံရေးအရတန်းတူညီမျှမှုကို ချိုးဖေါက်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ အာဏာခွဲဝေရာ၌ ကြွင်းကျန်သောအာဏာ (Residual Power)ကို ပြည်ထောင်စုမှာထားမလား၊ ပြည်နယ်မှာထားမလား ဆိုသောအချက်မှာ အရေးကြီးကြောင်း၊ စသဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆွေးနွေးမှုများအားလုံးအပေါ် ခရမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သွင်က နိုင်ငံရေး အခြေခံမှလည်းကောင်း၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ပညာရပ်ပိုင်းဆိုင်ရာ အခြေခံမှလည်းကောင်း ခြုံငုံသုံးသပ်သွားခဲ့ပြီး သဘာပတိဦးတင်ထွန်းအောင်က နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။